ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**National Community Driven Development Project**

# လူထုဗဟိုပြုစီမံကိန်း၊ ဖရူဆိုမြို့နယ်



ကေးလျားကျေးရွာအုပ်စု၊ ဒေါ်တနောကျေးရွာ။

၂၀၁၈ ခုနှစ်

## မာတိကာ


၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ ........................................ 2

၂။ကေးလျားကျေးရွာအုပ်စုအခြေပြမြေပုံ ........................................ 3

၃။ကေးလျားကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ ........................................ 3

၄။ကျေးရွာအခြေခံအချက်အလက်များ ........................................ 4

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်ဇယား .......... 5

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRAtoolsတစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ........................................ 6

(၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ ........................................ 7

(၂) ရာသီခွင်ပြပြက္ခဒိန် ........................................ 8

(၃) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း ........................................ 11

(၄) ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း ........................................ 13

(၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့ပြဇယား ........................................ 15

(၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ........................................ 17

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ... 19

၈။ဒေါ်ခူလီကျေးရွာ၏စီမံကိန်းအထောက်အကူပြုကျေးရွာကော်မတီဝင်စာရင်းများ ........................................ 21

၉။ကျေးရွာအချက်အလက်( ပုံစံ-၁ ) ........................................ 22


၁၀။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂) ........................................ 25

၁၁။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ ) ........................................ 27


၁၂။ဒေါ်ခူလီကျေးရွာအစည်းအဝေးမှတ်တမ်းများ ........................................ 29

၁၃။ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ........................................ 31

## ၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ



## ၂။ကေးလျားကျေးရွာအုပ်စုအခြေပြမြေပုံ



## ၃။ကေးလျားကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁. ကေးလျားကျေးရွာ
၂. ဒေါ်ပျာကူးကျေးရွာ
၃. ထီးပျားညေကျေးရွာ
၄. လောလျာခူကျေးရွာ
၅. ဒေါ်တနော‌ကျေးရွာ
၆. ဒေါ်တကလဲ့(ဆိုဒူ)ကျေးရွာ
၇. ငူသွဲ့လဲကျေးရွာ
၈. ထီးသဲကူးကျေးရွာ
၉. ဒေါ်ခူလီကျေးရွာ
၁၀. လောပလျားလဲကျေးရွာ
၁၁. ဒေါ်ပိုရှေ့ကျေးရွာ

## ၄။ကျေးရွာအခြေခံအချက်အလက်များ

ဒေါ်ခူလီကျေးရွာသည် ဖရူဆိုမြို့၏ တောင်ဖက်တို့တွင် တည်ရှိပါသည်။ ကေးလျားကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း(၁၁) ရွာရှိသည့်အနက် ဒေါ်ခူလီကျေးရွာသည် တစ်ရွာအပါအဝင်ဖြစ်ပါသည်။

ဒေါ်ခူလီကျေးရွာသည် ထီးသဲကူးကျေးရွာ၏အနောက်တောင်ဖက် (၂)မိုင်ခန့်အကွာနှင့်လောပလျားလဲကျေးရွာတို့၏ အရှေ့ဖက်(၄)ဖာလုံခန့်တွင် တည်ရှိပါသည်။ ဒေါ်ခူလီကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၄)စု ရှိပါသည်။ ကယားလူမျိုး တစ်မျိုးတည်းသာနေထိုင်ကြပြီး ကက်သလစ်ခရစ်ယာန်ကို ယုံကြည်ကိုးကွယ်ကြပါသည်။ ဒေါ်ခူလီကျေးရွာတွင် အမျိုးသား (၈၇)ဦးနှင့် အမျိုးသမီး(၈၄)ဦးရှိကာ စုစုပေါင်းလူဦးရေ(၁၇၁)ဦး ရှိပါသည်။ မိခင်ဘာသာစကားအနေဖြင့် ကယားစကား ကိုအသုံးပြုကြပြီး အခြားသောဘာသာစကားများ ကိုလည်းအသုံးပြုကြကာ စာပေမှာကယား(ကရင်နီ)စာပေကို အသုံးပြုကြပါ သည်။ ကျေးရွာတွင် အစိုးရကျွန်းမာရေးဌာတွင်အမည်မပေါက်သေးသော ကျွန်းမာရေးဌာနခွဲတစ်ခုရှိပြီး ဆရာ/မများလည်း တာဝန်ချထားပေးခြင်းမရှိသေးပါ။


ဒေါ်ခူလီကျေးရွာတွင် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ ကျေးရွာတွင် စာသင်ကျောင်း၊ ဘုရားကျောင်း၊ ဆေးပေးခန်း၊ မိုးရေလှောင်ကန်၊ လူနေအိမ်စသည့်အခြေခံအဆောက်အဦး များရှိပါသည်။ ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီး အခြားရွာများသို့ဆက်သွယ်ထားသောလမ်းမှာ ကျောက်ခင်းလမ်း ဖြစ်ပါသည်။ ခြောက် သွေ့ရာသီတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော်လည်း မိုးတွင်းကာလတွင်သွားလာရာ အခက်အခဲ ရှိပါသည်။ ဒေါ်ခူလီကျေးရွာသည် ကေးလျားအုပ်စုတွင် နွေရာသီတွင်ရေရှားပါးသော ကျေးရွာများအနက်တစ်ရွာအပါအဝင်ဖြစ်သည်။ ရေရှားချိန်တွင် ရေကိုတခြားနီးစပ်ရာကျေးရွာများသို့လည်းကောင်း၊ ဖရူဆိုမြို့ထိလည်းကောင်း လာရောက်ခပ်ယူအသုံးပြုကြ ရပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA Tools များ |
|---|---|
| ၁ | ကျေးရွာအခြေအနေပြမြေပုံ (Social Map) |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (SensonalClender) |
| ၃ | ဥစ္စာဓနကြွယ်ဝမှုဦးစားပေးအဆင့်သတ်မှတ်ခြင်း (Wealth Ranking) |
| ၄ | ကျားမပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) |
| ၅ | အရင်းအမြစ်အသုံးချမှုဖော်ထုတ်ခြင်းဇယား (Asset Mapping) |
| ၆ | အဖွဲ့အစည်းဆိုင်ရာဆက်နွယ်မှုမြေပုံ (Veen diagram) |

# ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ



# လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ

**ကျေးရွာ။** **။ဒေါ်ခူလီ** **ရက်စွဲ။** **။ ၁၁.၁၀.၂၀၁၇**

**အုပ်စု။** **။ကေးလျား** **ပါဝင်ဆွေးနွေးသူ။** **။ကျ(၇) ဦး**

**မ (၆) ဦး**

**ပေါင်း (၁၃ ) ဦး**

## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ဒေါ်ခူလီကျေးရွာ၏မြေပုံကိုကြည့်ခြင်းအားဖြင့် ဒေါ်ခူလီကျေးရွာတွင်းရှိလူသားနှင့်လူ့အရင်းအမြစ်များ၊ စီးပွားဖြစ်အရင်းအမြစ်များ(စိုက်ပျိုးသီးနှံများ)နှင့် သဘာဝအရင်းအမြစ်များကို လေ့လာနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ဒေါ်ခူလီကျေးရွာ၏ လူမျိုးစု၊ ကျေးရွာအနေအထား၊ တည်နေရာနှင့် ကျေးရွာ၏လူမှုရေးကိစ္စရပ်များကို လေ့လာနိုင်ရန်အတွက် ဖြစ်ပါသည်။

ဒေါ်ခူလီကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံအရ ဒေါ်ခူလီကျေးရွာတွင် လူ့အရင်းအမြစ်များ(အဆောက်အဦးများ)၊ သဘာဝအရင်းအမြစ်များဟူ၍(၂)မျိုးခွဲခြားတွေ့နိုင်ပါသည်။ ဒေါ်ခူလီကျေးရွာတွင် အဓိကအသုံးပြုနေသောအရင်းအမြစ်များမှာ အိမ်၊ကျောင်း ၊မူကြိုကျောင်း၊ ရေကန်၊လမ်းများ၊ တို့ကို တွေ့မြင်နိုင်ပါသည်။ တောင်ယာမြေအရင်းအမြစ်မှာ ရွာလူဦးရေနှင့်နှိုင်းယှဉ်လျှင် များပြားလုံလောက်မှု ရှိပါသည်။ လွန်ခဲ့သည့်(၅)နှစ်အတွင်းမှစ၍ရေ၊ သစ်တော၊ဝါး၊ မြေနေရာစသည့်အရင်းအမြစ်များသည် တဖြည်းဖြည်းလျော့နည်းလာသည်ကိုတွေ့ရပါသည်။ ဒေါ်ခူလီကျေးရွာတွင် အသက်မွေးဝမ်းကျောင်းအဖြစ်အဓိကလုပ်ကိုင်သောလုပ်ငန်းမှာ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်သည်။ တောင်ယာတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ မြေပဲ၊ ပြောင်းကောက်၊ ပြောင်းဖူး၊ ပဲ တို့ဖြစ်ပါသည်။

ဒေါ်ခူလီကျေးရွာတွင် ကယားလူမျိုးစုတစ်စုတည်းသာ စုပေါင်းနေထိုင်ကြပြီး ကက်သလစ်ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပါသည်။

ဒေါ်ခူလီကျေးရွာတွင် တိရိစ္ဆာန်များအတွက်စားကျက်မြေကို ရွာအပြင်ဘက်ရှိ မြေလွတ်နေရာများတွင် တွေ့မြင်နိုင်ပါသည်။


ဒေါ်ခူလီကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြ မြေပုံ၏သုံးသပ်ချက် အရ -

(၁) သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်ခြင်း။

(၂) လူဦးရေတိုးပွားလာခြင်း။

(၃) အရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းမှုမရှိသောကြောင့် အရင်းအမြစ်များတဖြည်းဖြည်းလျော့နည်းလာခြင်း။

## (၂) ရာသီခွင်ပြပြက္ခဒိန်



# ရာသီခွင်ပြက္ခဒိန်

| | | | |
|---|---|---|---|
| **ကျေးရွာ။** | **။ဒေါ်ခူလီ** | **ရက်စွဲ။** | **။၁၁. ၁၀. ၂၀၁၇** |
| **အုပ်စု ။** | **။ကေးလျား** | **ပါဝင်ဆွေးနွေးသူ။** | **။ကျား (၇) ဦး** |
| | | | **မ (၆) ဦး** |
| | | | **ပေါင်း (၁၃) ဦး** |

## ရာသီခွင်ပြက္ခဒိန်သုံးသပ်ချက်

ရာသီခွင်ပြက္ခဒိန် ရေးဆွဲရခြင်း၏ရည်ရွယ်ချက်မှာ ဒေါ်ခူလီကျေးရွာ၏ တစ်နှစ်ပတ်လုံးအတိုင်းအတာဖြင့် အပြောင်းအလဲများကိုမှတ်တမ်းတင်ရန်၊ အိမ်ထောင်စုများ၏မတူညီသော အခက်အခဲများကိုသုံးသပ်ရန်၊ အချိန်အပိုင်းအခြားအလိုက် အခက်အခဲနှင့်အခွင့်အလမ်းများကိုသိရှိရန်၊ ရာသီဥတုနှင့်ပွဲတော်အခြေအနေများကို သိရှိလာစေရန်ရည်ရွယ်ပါသည်။

ဒေါ်ခူလီကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်အရ ဒေါ်ခူလီကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံးလုပ်ကိုင် ကြပါသည်။ ရာသီအလိုက်သီးနှံပင်များ စိုက်ပျိုးသောကြောင့် ဇန်နဝါရီလတွင်နိုဝင်ဘာလမှ ထွက်ရှိသောမြေပဲများကိုခြွေသိမ်းယူခြင်း၊ ဖေဖော်ဝါရီလတွင် တောင်ယာများကို ကြိုတင်ခုတ်ထွင်ရှင်းလင်းခြင်း၊ အိမ်(သို့မဟုတ်)ခြံစည်းရိုးအသုံးပြုရန်အတွက် ဝါးကိုကြိုတင်ခုတ်ထားခြင်း၊ မတ်လတွင်တောင်ယာခင်းတွင် စိုက်ပျိုးနိုင်ရန်အတွက် အမှိုက်များ၊သစ်ကိုင်းခြောက်များအားမီးရှို့ခြင်း၊ ဧပြီလတွင်ငှက်ပျောပင်များစိုက်ပျိုးခြင်း၊ တောင်ယာခင်းခြံကာရံခြင်း၊ မေလတွင်တောင်ယာထွန်ယက်ခြင်း၊ ပြောင်းဖူးစိုက်ပျိုးခြင်း၊ ဇွန်လတွင်ပြောင်းကောက်စိုက်ပျိုးခြင်း၊ ဇူလိုင်လတွင်စပါးစိုက်ခြင်း၊ ဩဂုတ်လတွင် မြေပဲစိုက်ပျိုးခြင်း၊ စက်တင်ဘာလတွင်စိုက်ပျိုးပြီးသော သီးနှံများအားပေါင်းရှင်းခြင်း၊ အချို့သောအပင်များကို ဇူလိုင်လမတိုင်ခင် ပေါင်းရှင်းလင်းပေးရပါသည်။ အောက်တိုဘာလနှင့်နိုဝင်ဘာလတွင် မြေပဲများနှုတ်ခြင်း၊ စပါးရိတ်သိမ်းခြင်း၊ ပြောင်းဖူးများသိမ်းခြင်း၊ ဒီဇင်ဘာလတွင် ကျန်သီးနှံများအားလုံးကို ရိတ်သိမ်းကြပါသည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဒေါ်ခူလီကျေးရွာ၏ရွာတွင်းလမ်းနှင့် အခြားကျေးရွာများသို့ ချိတ်ဆက်ထားသောလမ်းမှာ မြေသားလမ်းဖြင့် ဆက်သွယ်ထားပါသည်။ ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချိတ်ဆက်လမ်းမှာ နိုဝင်ဘာလမှမေလအထိ စက်၊ကား၊ဆိုင်ကယ်၊ ထော်လာဂျီများ အဆင်ပြေစွာသွားလာအသုံးပြုနိုင်ပါသည်။ ဇွန်လမှအောက်တိုဘာလအထိ မိုးရာသီဖြစ်ပြီး ကျေးရွာတွင်းနွားလှည်းများ၏ သွားလာအသုံးပြုမှု၊စက်၊ထော်လာဂျီများ၏ ဘီးယက်မှုကြောင့်လမ်းမှာ လူ၊ဆိုင်ကယ်များ သွားလာအသုံးပြုရာအတွက်ပင်အခက်အခဲပါသည်။

ဒေါ်ခူလီကျေးရွာတွင် နွေရာသီတွင်ရေလုံလောက်မှုမရှိပေ။ မိုးရာသီတွင်သိုလှောင်ထားသောရေမှာလည်း ဇန်နဝါရီလမှဖေဖော်ဝါရီလထိသာ အသုံးနိုင်ပါသည်။ ဇွန်လမှဒီဇင်ဘာလအထိ မိုးရေကိုအဓိကသိုလှောင်အသုံးပြုကြပြီး နွေရာသီတွင်လုံလောက်မှုမရှိသောကြောင့် အနီးနာရေအိုင်များတွင်သော်လည်းကောင်း တစ်ခါတစ်ရံဖရူဆိုမြို့ထိသော်လည်းကောင်း ရေများကိုသွားရောက်ခပ်ယူကာ အသုံးပြုကြရပါသည်။

ဒေါ်ခူလီကျေးရွာတွင် ရာသီအလိုက်ဖြစ်ပွားတက်သော ရောဂါများအနည်းငယ် ရှိပါသည်။ အထူးသဖြင့် ဒီဇင်ဘာလတွင်ဖြစ်တတ်သော နာစေး၊ချောင်းဆိုးဖြစ်တတ်ပြီး မတ်လမှဇွန်လတွင် မိုးအကူးနွေအကုန်ဖြစ်သောကြောင့် ကလေးငယ်များဝမ်းပျက်၊ ဝမ်းလျှော့ရောဂါများ ဖြစ်တတ်ပါသည်။ ဇူလိုင်လမှ အောက်တိုဘာလတွင် မိုးရာသီဖြစ်သောကြောင့် တုတ်ကွေးရောဂါများ ဖြစ်တတ်ပါသည်။

ဒေါ်ခူလီကျေးရွာသည် ရာသီသီးနှံများသာစိုက်ပျိုးကြပြီး ဇန်နဝါရီလမှဧပြီလအထိ ရိတ်သိမ်းထားသောသီးနှံများကိုရောင်းချခြင်းဖြင့် ဝင်ငွေရရှိကြပါသည်။ ဒေါ်ခူလီကျေးရွာတွင် အနွမ်းပါးဆုံးသောအိမ်ထောင်စုအနည်းငယ်မှာ လုပ်ကိုင်မှီခိုကြသောလုပ်ငန်းများမှာ တောင်ယာအငှားလိုက်ခြင်း ဖြစ်ပါသည်။ တစ်နှစ်တာဝင်ငွေ

လုံလောက်မှုမရှိသော အချို့နွမ်းပါးသူအိမ်ထောင်စုမှာ တောင်ယာအငှားလိုက်ခြင်းမှရရှိသောလုပ်အားခမှာ စုဆောင်းရငွေနှင့် တောင်ယာအနည်းအကျဉ်းလုပ်၍ရရှိလာသော စပါးများကိုရောင်းချခြင်းမပြုဘဲ တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံအောင် ချွေတာစားသုံးခဲ့ကြပါသည်။ ဒေါ်ခူလီကျေးရွာရှိ အိမ်ထောင်စုအများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူထားသော ကြက်၊ ဝက်၊နွားကျွဲ စသည်တို့ကို စားသုံးရန်အတွက်သော်လည်းကောင်း၊ ရောင်းချခြင်းတို့ကိုလည်း ပြုလုပ်ကြပါသည်။

အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သောပြဿနာအခက်အခဲမှာ မြေယာမြေဆီလွှာမကောင်းခြင်း၊ မိုးလေဝသမှန်ကန်မှုမရှိခြင်းကြောင့် ဖြစ်သည်။ ဒေါ်ခူလီကျေးရွာတွင်းရှိ အမျိုးသမီးအများစုမှာတောင်ယာလုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ကျေးရွာတွင်း နေ့စားလုပ်အားခတစ်ရက်နှုန်းထားမှာ နွေရာသီတွင် (၄၀၀၀)ကျပ်ဖြစ်ပြီး အလုပ်ကျပ်ချိန်ဖြစ်သည့် ရိတ်သိမ်းချိန်တွင် လုပ်အားခမှာ(၇၀၀၀)ကျပ်အထိတိုး၍ငှားရမ်း ကြပါသည်။ ဒေါ်ခူလီကျေးရွာတွင် အမျိုးသား၊အမျိုးသမီး လုပ်အားခမှာတန်းတူရရှိ ကြပါသည်။ အမျိုးသမီးများ၏ အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းနှင့်ပတ်သက်သောပြဿနာ၊ အခက်အခဲမှာ သွားလာရခက်ခဲခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။


ဒေါ်ခူလီကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်သုံးသပ်ချက် အရ -

(၁) စိုက်ပျိုးရေးလုပ်ငန်း အသင့်အတင့်အောင်မြင်ခြင်း။

(၂) နွေရာသီတွင်သောက်သုံးရေ လုံလောက်မှုမရှိခြင်း။

(၃) ဝင်ငွေနည်းပါးခြင်း နှင့် စားဝတ်နေရေး အတွက်နေ့စဉ်နှင့်ရုန်းကန်ရခြင်း စသည်တို့ ဖြစ်သည်။

## (၃) ဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း



# ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်မှုပြဇယား

**ကျေးရွာ။** **။ဒေါ်ခူလီ** **ရက်စွဲ။** **။၁၁. ၁၀. ၂၀၁၇**

**အုပ်စု ။** **။ကေးလျား** **ပါဝင်ဆွေးနွေးသူ။** **။ ကျား (၇) ဦး**

**မ (၆) ဦး**

**ပေါင်း (၁၃) ဦး**

## ဥစ္စာဓနအဆင့်သတ်မှတ်မှုသုံးသပ်ချက်

ဥစ္စာဓနအဆင့်သတ်မှတ်မှုပြဇယား ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ဒေါ်ခူလီကျေးရွာတွင် ၎င်းတို့ကိုယ်တိုင်ချမှတ်ထားသော ပြေလည်သောအုပ်စုနှင့်မပြေလည်သောအုပ်စုများ၊ ၎င်းတို့၏ကွဲပြားခြားနားသော လူမှုစီးပွားရေးလုပ်ငန်းများအခြေအနေ၊ ပိုင်ဆိုင်အသုံးပြုနေသောအရင်းအမြစ်များ အကြောင်းနှင့်ထိုသို့ ကွဲပြားနေရခြင်း၏ နောင်ခံအကြောင်းအရာများကို လေ့လာသိရှိနိုင်ရန် ဖြစ်သည်။

ဒေါ်ခူလီကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်းပြဇယားအရ ဒေါ်ခူလီကျေးရွာတွင် အပြေလည်ဆုံးသောအိမ်ထောင်စု၊ ပြေလည်သောအိမ်ထောင်စု၊ မပြေလည်သောအိမ်ထောင်စု၊ မပြေလည်ဆုံးသောအိမ်ထောင်စုဟူ၍ (၄)မျိုးခွဲခြားတွေ့မြင် နိုင်ပါသည်။ ဒေါ်ခူလီကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၄)စုရှိသည့်အနက် အပြေလည်ဆုံးသော အိမ်ထောင်စုမှာ(၄)စုရှိပြီး ကျေးရွာလူထု၏သတ်မှတ်ချက်မှာ ကိုင်းရှည်၊ကား၊ထော်လာဂျီ၊ ဆိုင်ကယ်၊ ကျွဲ၊နွား၊ အရင်းအနှီးစိုက်ထုတ်နိုင်ခြင်း၊ တောင်ယာခင်းများခြင်း တို့ဖြစ်ပါသည်။ ပြေလည်သောအိမ်ထောင်စုပေါင်း(၁၆)စုရှိပြီး ကျေးရွာလူထု၏သတ်မှတ်ချက်မှာ ၎င်းအိမ်ထောင်စုတွင် ဆိုင်ကယ် ၊ထော်လာဂျီ၊ ကျွဲ၊ကိုင်းရှည်ထော်လာဂျီ၊တောင်ယာခင်းရှိခြင်း တို့ဖြစ်ပါသည်။ မပြေလည်သည့်မိသားစု(၁၁)စုနှင့် မပြေလည်ဆုံးသောအုပ်စု(၃)စုရှိပြီး ကျောင်းနေကလေးအရွယ်များပြားခြင်း၊ တောင်ယာခင်းရှိသော်လည်း လုပ်ကိုင်နိုင်ရန်အတွက်အရင်းအနှီးမရှိခြင်း ၊ အပိုဝင်ငွေမရှိခြင်း၊ ဝင်ငွေမှာတောင်ယာအငှားလိုက်ခြင်းပေါ်တွင် မှီခိုနေရခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဒေါ်ခူလီကျေးရွာတွင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုများကို ကျေးရွာဖွံ့ဖြိုးရေးတွင် ပါဝင်လာနိုင်စေရန်အတွက် ၎င်းတို့နှင့်တိုက်ရိုက်အကျိုးခံစားခွင့်ရရှိသောဖွံ့ဖြိုးရေးလုပ်ငန်းကို ပိုမိုစိတ်ဝင်စားကြပါသည်။ ဥပမာ- နွမ်းပါးသောအိမ်ထောင်စုအတွက် စိုက်ပျိုးရေးတွင်အရင်းအနှီးစိုက်ထုတ်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းအတွက် တစ်ဖက်တစ်လမ်းမှအကျိုးဖြစ်စေသောလက်မှုပညာ၊ စိုက်ပျိုးရေးနည်းပညာကိုပိုမိုစိတ်ဝင်စားကြပါသည်။


ဒေါ်ခူလီကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်မှုပြဇယား၏ သုံးသပ်ချက်အရ-

(၁) တောင်ယာခင်းများသော်လည်း လုပ်ကိုင်နိုင်ရန် အရင်းအနှီးမစိုက်ထုတ်နိုင်ခြင်း။

(၂) အသိပညာ ဗဟုသုတ နည်းပါးခြင်း။

(၃) စားဝတ်နေရေးအတွက်နေ့စဉ်နှင့်အမျှ ရုန်းကန်နေရသောကြောင့်ဖွံ့ ဖြိုးရေးလုပ်ငန်းအတွက် အချိန်ပေးနိုင်မှု အားနည်းခြင်း။

## (၄) ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း



## ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း

**ကျေးရွာ။ ။ဒေါ်ခူလီ ရက်စွဲ။ ။၁၁.၁၀.၂၀၁၇**

**အုပ်စု ။ ။ကေးလျား ပါဝင်ဆွေးနွေးသူ။ ။ကျား (၇)ဦး**

**မ (၆) ဦး**

**ပေါင်း (၁၃) ဦး**

### ပင့်ကူအိမ်သုံးသပ်ချက်

ပင့်ကူအိမ်သုံးသပ်ခြင်း ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ဒေါ်ခူလီကျေးရွာအတွင်းရှိ အမျိုးသားနှင့်အမျိုးသမီးများ၏ လူမှုရေးတွင်ပါဝင်မှုအခန်းကဏ္ဍများအား သိရှိမြင်သာစေရန်နှင့် စွမ်းဆောင်ရည်များအားသိရှိမြင်သာစေရန် ရည်ရွယ်ပါသည်။

ဒေါ်ခူလီကျေးရွာ၏ ကျား၊မပင့်ကူအိမ်သုံးသပ်ချက်အရ ဒေါ်ခူလီကျေးရွာအတွင်းရှိ အမျိုးသားများသည် အမျိုးသမီးများထက် ကျေးရွာအတွင်းရှိသာရေးနာရေးများ၊ ဘာသာရေး စသည့်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုတွင် အမျိုးသားများပိုမိုပူးပေါင်းပါဝင်နေသည်ကို တွေ့ရပါသည်။ ဒေါ်ခူလီကျေးရွာတွင်းရှိ အမျိုးသမီးများသည်စွမ်းအားအသုံးချမှု၊ အိမ်တွင်းမှု၊ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာတတ်မြောက်မှုများတွင် အမျိုးသမီးများက ပိုမိုဦးဆောင်နေခြင်းကို လေ့လာတွေ့ ရှိပါသည်။ ဒေါ်ခူလီကျေးရွာတွင်း အရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီးများ တန်းတူအသုံးပြုကြသော်လည်း များသောအားဖြင့် အမျိုးသားများသာထိန်းချုပ်ဆုံးဖြတ်ချက်ချကြပါသည်။

အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာရာနှုန်းပြည့်အချိန်ပေးရခြင်းကြောင့် ကျေးရွာတွင်းသာရေး၊ နာရေးတွင် ပူးပေါင်းပါဝင်မှု၊ ဦးဆောင်ဆုံးဖြတ်ချက်ချမှုတွင် အားနည်းနေပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမှီသော်လည်း အိမ်တွင်းရေးတွင်သာ အချိန်ပေးမှုများသောကြောင့်စီးပွား ဝင်ငွေရှာဖွေရာတွင်အားနည်း နေပါသည်။

အမျိုးသမီးများ အဓိကရင်ဆိုင်နေရသည့်အခက်အခဲပြဿနာမှာ ပညာရေးလက်လှမ်းမီမှု အားကောင်းသော်လည်း ရိုးရာအစဉ်အလာများစိုးမိုးထားခြင်း၊ အရက်၊ အကြောက်တရားကြီးစိုးခြင်း တို့ကြောင့် ဖြစ်ပါသည်။ အမျိုးသမီးများ ဘဝတိုးတက်မြင့်မားလာစေရန် ရိုးရာဓလေ့နှင့်လျော်ညီသော အယူအဆ(ပြောင်းလဲသင့်သော အရာများ) ပြုပြင်ရန် လိုအပ်နေပါသေးကြောင်း သုံးသပ်ထားပါသည်။

ဒေါ်ခူလီကျေးရွာတွင်း အမျိုးသမီးများစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်လာစေရန် အမျိုးသားများမှ တာဝန်ခွဲဝေယူမှု၊ အသိပညာပေးဆွေးနွေးခြင်း၊ အမျိုးသမီးများ၏ ဦးဆောင်မှုကိုလက်ခံလေးစားပေးခြင်း၊ လုပ်ပိုင်ခွင့်နှင့် လုပ်အားခတန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ရန် လိုအပ်နေပါသေးကြောင့် သုံးသပ်ထားပါသည်။


ဒေါ်ခူလီကျေးရွာ၏ ကျား၊မပင့်ကူအိမ်သုံးသပ်ချက် အရ -

(၁) အမျိုးသမီးများ အိမ်တွင်းမှု့တွင်ပိုမိုဦးဆောင်နေရခြင်း။

(၂) အမျိုးသမီးများ ပညာရေးအားကောင်းသော်လည်း ရိုးရာဓလေ့၊ အယူအဆများအား ယခုထိတိုင် အစွဲအလမ်းရှိ နေသေးခြင်း။

(၃) ပူးပေါင်းပါဝင်မှု အားကောင်းသော်လည်း ဦးဆောင်ဆုံးဖြတ် ချက်ချမှတ်ရာတွင် အားနည်းသေးခြင်း။

## (၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့ပြဇယား



# အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့သုံးသပ်ချက်

**ကျေးရွာ။ ။ဒေါ်ခူလီ ရက်စွဲ။ ။၁၁.၁၀.၂၀၁၇**

**အုပ်စု ။ ။ကေးလျား ပါဝင်ဆွေးနွေးသူ။ ။ကျား (၇)ဦး**

**မ (၆) ဦး**

**ပေါင်း (၁၃) ဦး**

## အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့ပြသုံးသပ်ချက်

အရင်းအမြစ်များသုံးစွဲထိန်းချုပ်မှု့ပြဇယား ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ဒေါ်ခူလီကျေးရွာတွင်ရှိသော အရင်းအမြစ်များကို အမျိုးသား၊အမျိုးသမီးများ ပိုင်ဆိုင်ထားရှိနေခြင်းကိုသိရှိစေရန်၊ကျေးရွာတွင်း အခက်အခဲများ၊ ဦးစားပေးအဆင့်များ၊ လိုအပ်ချက်များနှင့် ပတ်သက်ပြီးကွဲပြားခြားနားမှုများကိုသိရှိ နားလည်စေရန် ရည်ရွယ်ပါသည်။

ဒေါ်ခူလီကျေးရွာ၏ အရင်းအမြစ်များသုံးစွဲထိန်းချုပ်မှုပြဇယား၏သုံးသပ်ချက်အရ ကျေးရွာတွင် သဘာဝအရင်းအမြစ်နှင့် လူ့အရင်းအမြစ်ဟူ၍(၂)မျိုးတွေ့ရပြီး အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်ထားရှိမှုကို(၃)မျိုး ကွဲခြားတွေ့ မြင်နိုင်ပါသည်။ သဘာဂအရင်းအမြစ်များမှာသစ်၊ သစ်ဥ၊သစ်မြစ်၊ ပန်း၊အင်ဒွဲ၊ ပွေးငှက်စသည့်အရာများ ဖြစ်ကြပါသည်။ လူ့အရင်းအမြစ်မှာ ဘုရားကျောင်း၊စာသင်ကျောင်း၊ မူကြိုကျောင်း၊ဆေးခန်း၊ ကျောင်းဆရာ/မ စသည့်အရာများ ဖြစ်သည်။ အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီးများကအသုံးပြုကြပြီး ထိန်းချုပ်ဆုံးဖြတ်မှုများတွင်လည်း တန်းတူရှိပါသည်။ ဒေါ်ခူလီကျေးရွာတွင်အမျိုးသား၊အမျိုးသမီး နှစ်ဦးလုံးအသုံးပြုနေသော အရင်းအမြစ်များမှာ အိမ်၊ရေအရင်းအမြစ်၊ တောင်ယာ၊လမ်း၊ ဆိုင်ကယ်၊ဆေးခန်း၊ စာသင်ကျောင်း၊ဘုရားကျောင်း၊ အိမ်မွေးတိရိစ္ဆာန်များ(ကြက်၊ဝက်၊နွား၊ကျွဲ)တို့ ဖြစ်ပါသည်။ ၎င်းအရင်းအမြစ်များကို အမျိုးသား၊အမျိုးသမီးများတန်းတူအသုံးပြုထိန်းချုပ်ထားသော်လည်း များသောအားဖြင့်အမျိုသားများသာ ဦးဆောင်ဖြတ်ချက်ချကြပါသည်။ အမျိုးသမီးများသည်ဆွေးနွေးအကြံပေးမှုများဖြင့် သာပါဝင်ဆောင်ရွက်နိုင်ပါသည်။

ဒေါ်ခူလီကျေးရွာ၏ အရင်းအမြစ်များသုံးစွဲထိန်းချုပ်မှု့ပြဇယား၏ သုံးသပ်ချက်အရ -

(၁) ကျေးရွာတွင်း လူ့အရင်းအမြစ်များ၊ သဘာဝအရင်းအမြစ်များကို ကျား၊မ တန်းတူအသုံးပြုကြခြင်း။

(၂) ကျေးရွာတွင်း အရင်းအမြစ်များကို ကျား၊မတန်းတူ ထိန်းချုပ်ထားကြသော်လည်း များသောအားဖြင့် အမျိုးသားများဦးဆောင် ဆုံးဖြတ်ချက်ချကြပါသည်။

(၃) အချို့သော အရင်းအမြစ်များအပေါ် အမျိုးသမီးများမှ အကြံပြု ဆွေးနွေးမှု့များ ပေးနိုင်ခြင်း။

(၄) အချို့သောအမျိုးသမီးများမှာ အိမ်တွင်းမှုတွင်အချိန်ပိုပေးနေရခြင်းကြောင့် ပြင်ပ၊ဗဟုသုတနှင့်ထိတွေ့မှု အားနည်းခြင်း။

(၅) အချို့သောအမျိုးသမီးများမှာ အမျိုးသားများနည်းတူဦးဆောင်ဆုံးဖြတ်ချက်ချမှုတွင်လုပ်ဆောင်နိုင်ခြင်း။

## (၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ



# အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ

**ကျေးရွာ။ ။ဒေါ်ခူလီ ရက်စွဲ။ ။ ၁၁. ၁၀. ၂၀၁၇**

**အုပ်စု ။ ။ကေးလျား ပါဝင်ဆွေးနွေးသူ။ ။ကျား( ၄) ဦး**

**မ (၅) ဦး**

**ပေါင်း (၉) ဦး**

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်

အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ဒေါ်ခူလီကျေးရွာအတွင်းရှိ ကွဲပြားခြားနားသောအုပ်စုများ၊ အဖွဲ့အစည်းများနှင့် ပြင်ပမှအဖွဲ့အစည်းများ အချင်းချင်းအပြန်အလှန်ချိတ်ဆက် အကျိုးပြုပုံကိုသိရှိစေရန် ရည်ရွယ်ပါသည်။

ဒေါ်ခူလီကျေးရွာတွင်ကျေးရွာမှ ဖွဲ့စည်းထားသောအဖွဲ့များ၊ အခြားပြင်ပမှလာရောက် ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့ဟူ၍ (၂)မျိုး တွေ့နိုင်ပါသည်။ ဒေါ်ခူလီကျေးရွာအတွင်းမှ ဖွဲ့စည်းထားသောအဖွဲ့ပေါင်း(၁၃)ဖွဲ့ ရှိပြီး ကျေးရွာ၏ လိုအပ်ချက်များဖြစ်သော ကျန်းမာရေး၊ဘာသာရေး၊ ပညာရေး၊ ကျေးရွာပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား လုပ်ဆောင်နိုင်ရန်အတွက် လာရောက်ချိတ်ဆက်သော အဖွဲ့အစည်းပေါင်း (၅)ဖွဲ့ရှိပြီး အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ အခြားပညာပေးရေးလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာများအတွက် ပြင်ပအဖွဲ့အစည်းများနှင့်ဆက်သွယ် ဆောင်ရွက်ကြပါသည်။ အခြားအစိုးရမဟုတ်သောအဖွဲ့(NGO)အဖွဲ့အစည်းများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လာရောက်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါသည်။

ဒေါ်ခူလီကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ ကျောင်းကော်မတီ၊လူငယ်အဖွဲ့၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရိုးရာထိန်းသိမ်းရေးကော်မတီနှင့် သစ်တောကော်မတီအဖွဲ့အစည်းများဖြစ်ပြီး ရပ်ရွာ၏ သာရေး၊နာရေး၊ ကျေးရွာဖွံ့ဖြိုးရေးနှင့်ဆက်စပ်သောအရာများတွင် အဓိကဦးဆောင် ပါဝင်ကြပါသည်။ မယ်တော်သမီးအသင်း၊ အားနာအသင်း၊ CAအသင်းနှင့် လူငယ်အဖွဲ့တို့မှာ ဘာသာရေး အဖွဲ့အစည်းများဖြစ်ပြီး ကျေးရွာ၏သာရေး၊နာရေး၊ ဘာသာရေးတို့တွင် အဓိကပါဝင်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာ၏လိုအပ်ချက်အရ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှတဆင့် ကျေးလက်ဦးစီးဌာနရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှုးရုံး၊ EPCရုံးတို့နှင့်ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးကို လုပ်ဆောင်ပေးပါသည်။ ကျေးရွာတွင်းလမ်းများ၊ ရေရရှိရေး၊မီးလင်းရေး၊ အဆောက်အဦးတိုးချဲ့ရေးများရှိပါက လူထုဗဟိုပြုစီမံကိန်းရုံးနှင့်သော်လည်းကောင်း အခြားတည်ဆောက်ရေးလုပ်ငန်းများလုပ်ဆောင်သောအဖွဲ့အစည်းများနှင့်သော်လည်းကောင်း ချိတ်ဆက်ကာ လုပ်ဆောင်ကြပါသည်။ အစိုးရကျန်းမာရေးများအပြင် KNPPဆေးကျောပိုးအိတ်အဖွဲ့နှင့်လည်း အသီးသီးချိတ်ဆက်ဆောင်ရွက် ထားရှိကြပါသည်။ ကလေးသူငယ်အခွင့်အရေးနှင့် ပတ်သက်ပြီးLDN နှင့် ချိတ်ဆက်လုပ်ဆောင်ပါသည်။

ဒေါ်ခူလီကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်အရ -

(၁) ဒေါ်ခူလီကျေးရွာတွင် ဖွဲ့စည်းထားသောကော်မတီအဖွဲ့များမှာ ကျေးရွာရှိသက်ကြီးရွယ်အိုများ၊ ထိခိုက်လွယ်အုပ်စုများပါဝင်သည့် ကော်မတီဝင်အဖွဲ့များဖြင့် ဖွဲ့စည်းထားခြင်း။

(၂) ကျေးရွာတွင်းအဖွဲ့အစည်းများနှင့် ပြင်ပမှဖွံ့ဖြိုးရေးလုပ်ဆောင်သည့် အဖွဲ့အစည်းများကောင်းမွန်စွာချိတ်ဆက်ထားရှိခြင်း။

(၃) ကျေးရွာတွင်းဖွဲ့စည်းထားသော အဖွဲ့အသီးသီးမှကော်မတီဝင်များသည် ကဏ္ဍအလိုက်ပါဝင်လုပ်ဆောင်နေခြင်း။

## ဂ။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ





## ၈။ဒေါ်ခုလီကျေးရွာ၏စီမံကိန်းအထောက်အကူပြုကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား/မ | | ရာထူး/ တာဝန် |
|---|---|---|---|---|
| ၁ | ဦးရီရယ် | ကျား | | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၂ | ဒေါ်မီမာ | | မ | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၃ | ဦးသာမို | ကျား | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၄ | ဒေါ်ပရမိုး | | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၅ | ဦးရှားရယ် | ကျား | | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဒေါ်ပရေးမာ | | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဦးတီရယ် | ကျား | | လည်ပတ်ရေးနှင့်ပြုပြင်/ထိန်းဆပ်ကော်မတီ |
| ၈ | ဒေါ်မီမာ | | မ | လည်ပတ်ရေးနှင့်ပြုပြင်/ထိန်းဆပ်ကော်မတီ |
| ၉ | ဦးငွါရယ် | ကျား | | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၀ | ဒေါ်မီအူး | | မ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၁ | ဦးဘျားရယ် | ကျား | | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်သဲမာ | | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၃ | ဦးကျော်ဟဲ | ကျား | | ကျေးရွာစာရင်းကိုင် |
| | **ကော်မတီဝင်စုစုပေါင်း** | ၇ | ၆ | **၁၃ယောက်** |

# ၉။ကျေးရွာအချက်အလက်( ပုံစံ-၁ )

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စဉ်း သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး ကိုဒွယ် | | - ဒေါ်မေမီ |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဖရူဆို | ဒေါ်တမွှာ | ဒေါ်ခူလီ |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၃၄ | ဘာသာ (၁) - | |
| လူမျိုးစု (၂) ------ | | ဘာသာ (၂) ခရစ်ယာန် | ၃၄ |
| လူမျိုးစု (၃) ------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျ+၁ , မ + ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျ ၁  မ ၃ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၈၇ | ၈၄ |
| လူမျိုးစု (၁) ကယား | ၈၅ | ၈၃ |
| လူမျိုးစု (၂) ကယန်း | ၁ | – |
| လူမျိုးစု (၃) ကရင်နီ | ၁ | ၁ |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၃၄ | ၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် - [illegible] | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2011/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--4--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--45 မိနစ်-- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်-----1 နာရီ----------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

✓ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---ဗိုလ်ဂေါဇန်ဂြုပ်------------ (၃) ACF

(၂) ---IDN---------------- (4) Save the children

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ✓ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦး ကိုရယ်

လက်မှတ် [signature] နေ့စွဲ 11.10.2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်မော်ရီ

လက်မှတ် [signature] နေ့စွဲ 11.10.2017

# ၁၀။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂)

ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| |
|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်မေရီ |
| နေ့စွဲ / စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း ကယား / မြို့နယ် ဖရူဆို / ကျေးရွာအုပ်စု ဂေါပျား / ကျေးရွာ ဒေါ်ခူလီ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 11.10.2017 | 11.10.2017 | ၉ | ၂၂ | 31 | 31 / ကယား |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 12.10.2017 | 12.10.2017 | ၉ | ၂၂ | 31 | 31 / ကယား |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 19.10.2017 | 19.10.2017 | ၇ | - | ၇ | ၇ / ကယား |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ၁၁။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ )

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်**။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်မေမေရီ | | | |
| နေ့စွဲ 12.10.2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း - ကယား | မြို့နယ်- ဖရူဆို | ကျေးရွာအုပ်စု - ဒေါ်ယား | ကျေးရွာ - ဒေါ်ခူလီ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁။ | မိုးကာလတွင် ကျေးရွာတွင်းလမ်း | ၁။ | သောက်သုံးရေ မလုံလောက်ခြင်း |
| | သွားလာရခက်ခဲခြင်း၊ | ၂။ | အများပိုင် အိမ်သာ သုံးစွဲရန် မလုံ |
| ၂။ | ခန်းမဆောင် အဆောက်အအုံ မရှိ | | လောက်ခြင်း။ |
| | ခြင်းကြောင့် အစည်းအဝေးပြုလုပ် | ၃။ | ကျေးရွာတွင်းလမ်း သွားလာအသုံးပြု |
| | ရာတွင်အခက်ခဲခြင်း | | ရန် အဆင်မပြေခြင်း |
| ၃။ | ကျန်းမာရေး ဝန်ထမ်း အချိန် | ၄။ | ခန်းမဆောင် မပြီးစီး၍ အစည်း |
| | ပြည့် မရှိခြင်း။ | | အဝေး ပြုလုပ်ရာတွင် အခက်အခဲရှိခြင်း။ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်း ကွန်ကရစ် | ၁။ | သောက်သုံးရေ လုံလောက်ရမည်။ |
| ၂ | အောင်ပြုလုပ်နိုင်ရမည်။ | ၂။ | အများပိုင်အိမ်သာ သုံးစွဲရန် လုံလောက် |
| ၂။ ၃ | ခန်းမဆောင် အဆောက်အအုံ ဆောက်နိုင် | | ရမည်။ |
| ၄ | ရမည်။ | ၃။ | ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းအဖြစ် |
| ၃။ ၅ | ကျန်းမာရေး ဝန်ထမ်း အချိန်ပြည့် ရှိနိုင် | | ပြုလုပ်နိုင်ရမည်။ |
| ၆ | ရမည်။ | ၄။ | ခန်းမဆောင် ပြန်လည် တည်ဆောက် |
| ၇ | | ၇ | ပြီးစီးနိုင်ရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | [illegible] | အမျိုးသား+အမျိုးသမီး | 6000000 | 770 |
| ၂ | မိုးရေလှောင်ကန် | အမျိုးသား+အမျိုးသမီး | 7000000 | 770 |
| ၃ | ရွာတွင်း ကျောက်[illegible] | အမျိုးသား+အမျိုးသမီး | 50000000 | 770 |
| ၄ | | | | |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျန်းမာရေးဝန်ထမ်း | အမျိုးသား | Health |
| ၂ | ဆေးဝါးထောက်ပံ့မှု | အမျိုးသမီး | Health |
| ၃ | သောက်သုံးရေသန့်ဘူး | အမျိုးသမီး | Health |
| ၄ | မှု | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ 12.10.2017

## ၁၂။ဒေါ်ခူလီကျေးရွာအစည်းအဝေးမှတ်တမ်းများ

မြို့နယ် - ဖရူဆိုမြို့နယ်

ကျေးရွာ - ဒေါ်ခူလီ

အုပ်စု - ဖောလော

ရက်စွဲ - 11.10.2017

အကြောင်းအရာ - ပထမ အကြိမ် ကျေးရွာအစည်းအဝေး

- တက်ရောက်လာသောလူဦးရေ စာရင်းကောက်ခံခြင်း။
- ဝန်ထမ်းများမိတ်ဆက်ခြင်း။
- စီမံကိန်းလက်စွဲ အကြောင်းမိတ်ဆက်ခြင်း။
- စီမံကိန်းလက်စွဲ၏ ရည်ရွယ်ချက်အကြောင်း ပြောကြားခြင်း။
- ကျေးရွာ၏ တုံ့ပြန်မှုယန္တရားမှ အကြောင်း ပြောကြားခြင်း။
- စီမံကိန်းလက်စွဲ၏ အကျုံးဝင်၊ အကျုံးမဝင်မှု အကြောင်းရှင်းလင်းတင်ပြခြင်း။
- ကျား/မ ကျေးရွာလူထုတာဝန်ရှိသူများမှ ၅ ဦး အကြံပြုတိုင်ကြားရေးယန္တရား ရွေးချယ်ဖွဲ့စည်းပြုခြင်း။
- ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း။
- PRA tools ရည်ရွယ်ချက်ပြောကြားခြင်း။
- PRA tools ရေးဆွဲခြင်း။

ရွာ - ပုကြီးကျေးစု
ကျေးရွာ - ဒေါ်ခူလီ
မြို့နယ် - ဖရူဆို
ရက်စွဲ - 12-10-2017
အစည်းအဝေးအမည် - Second village meeting

- တက်ရောက်သူများ ကျေးရွာလူထုအား နှုတ်ဆက်ခြင်း။
- ကျေးရွာ ကော်မတီအတွက် တာဝန်ဝတ္တရားများကို ပြန်လည်ဆွေးနွေးခြင်း။
- ကျေးရွာ ကော်မတီများ ပြန်လည်ဖွဲ့စည်းခြင်း။
- ကျပ် ၁၉ သိန်း အတွက် ပေးဝေခြင်း။
- လုပ်ငန်းအသေး ရွေးချယ်ဆွေးနွေးခြင်း။
- လုပ်ငန်းအား ရွေးချယ်ခြင်း။
- ကျေးရွာ အတွက် PC1, PC3 ကောက်ခံခြင်း။
- ကော်မတီ အတွက် HR, ... ကောက်ခံခြင်း။
- မှတ်တမ်း၊ ဓါတ်ပုံ ရိုက်ကူးခြင်း။

## ၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ခန်းမဆောင် | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| [illegible] | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| [illegible] | ၁ | ကျန်းမာရေးဝန်ထမ်း | ☐မ ☑ကျား | | |
| | ၂ | ဆေးဝါးထောက်ပံ့မှု | ☑မ ☐ကျား | | |
| | ၃ | သောက်သုံးရေ [illegible] | ☑မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၂ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |